ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၇ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက် )

**တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ**
**ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန်နှင့် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသော စီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုတို့ကို ကြီးကြပ်နိုင်ရန်အတွက် " **တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ** " ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | စီမံကိန်းနှင့်သက်ဆိုင်သည့် တိုင်းဒေသကြီး / ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး ကုန်းလမ်းပို့ဆောင်ရေး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီး / ပြည်နယ်အင်ဂျင်နီယာ<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးဌာနမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်တစ်ဦး<br>ရန်ကုန်/မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး<br>ကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (ဏ) | ကိုယ်စားလှယ်တစ်ဦး (လယ်ယာ)<br>ပုဂ္ဂလိကကဏ္ဍ | အဖွဲ့ဝင် |
| (တ) | ကိုယ်စားလှယ်တစ်ဦး(စက်မှု)<br>ပုဂ္ဂလိကကဏ္ဍ | အဖွဲ့ဝင် |
| (ထ) | ကိုယ်စားလှယ်တစ်ဦး (ဝန်ဆောင်မှု)<br>ပုဂ္ဂလိကကဏ္ဍ | အဖွဲ့ဝင် |
| (ဒ) | ရပ်မိရပ်ဖ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဓ) | တိုင်းဒေသကြီး / ပြည်နယ်စီမံကိန်းဦးစီးမှူး | အတွင်းရေးမှူး |
| (န) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒေသန္တရစီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံကိန်းကော်မရှင်များသို့မတင်ပြမီ စနစ်တကျ စိစစ်သုံးသပ်ရန်၊

(ခ) ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် ဒေသအလိုက် ဦးစားပေးစီမံကိန်းများနှင့် ဆောင်ရွက်ရမည့် ဆီလျော်သည့် လုပ်ငန်းများအတွက် အစီအမံများထည့်သွင်းရန်၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် ကျေးရွာ/ရပ်ကွက်အခြေခံသည့် သက်ဆိုင်ရာဒေသအသီးသီး၏ လူမှုစီးပွားအခြေအနေ စာရင်းဇယားများ ပြည့်စုံခိုင်မာရေးအတွက် တာဝန်ယူဆောင်ရွက်ရန်၊

(ဃ) ခရိုင်အသီးသီးမှ တင်ပြလာသည့် စာရင်းဇယားများ မှန်ကန်တိကျစေရေးအတွက် စိစစ်ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်စာရင်းဇယားများအနေဖြင့် စုစည်းဆောင်ရွက်ရန်၊

(င) ဒေသန္တရစီမံကိန်းတွင် ဆောင်ရွက်သည့် လုပ်ငန်းစီမံချက်များပါရှိပါက လုပ်ငန်းစီမံချက်၏ အကျိုးအမြတ်ပြန်ရချက်၊ ဒေသအတွက် အကျိုးအမြတ်ဖြစ်ထွန်းမှု ရှိ မရှိ ကို စိစစ်ဆောင်ရွက်ရန်၊

(စ) ဒေသန္တရစီမံကိန်းအချိန်မီ ရေးဆွဲတင်ပြနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဆ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြလာသည့် စီမံကိန်းများကိုစိစစ်သုံးသပ်၍ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းကော်မရှင်သို့ တင်ပြရန်၊

(ဇ) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၏ လူမှုစီးပွားရေးအညွှန်းကိန်းများ ပြည့်စုံစွာရရှိရေးအတွက် ဆောင်ရွက်ရန်၊

(ဈ) တိုင်းဒေသကြီး/ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေကို ကြီးကြပ်ရန်၊

(ည) ခရိုင်နှင့်မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီများတွင် ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ခရိုင်/ မြို့နယ်စီမံကိန်းမှူးကို အတွင်းရေးမှူးအဖြစ်လည်းကောင်းထားရှိ၍ သက်ဆိုင်ရာဌာနများ၊ မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်လျက် လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၅ - ၅ - ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃ / ၂၀၁၆ နှင့် ၁၂ - ၇ - ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃ / ၂၀၁၆ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ